# အသူရကာယ် တေးသွား

အပွေးမမြင်ပေမယ့် အပင်ကို တန်းသိလိုက်တယ် ခင်ဗျားလည်း ဆိုးဆေးမိထားတဲ့
အခွင့်အရေးပန်းတစ်ပွင့်ပဲ အပမှီနေတဲ့ မျက်လုံးနဲ့ မြင်မြင်ရာကို အကြည့်တွေနဲ့ ထိုးခွဲ
ယဉ်ကျေးမှုရဲ့တံခါးဟာ ဒီဘဝ ဒီနေရာမှာတင် လှလှလေးပွင့်နေတယ်
ဘဝအပေါ် ကြွေကျနေတဲ့ ဖရုသဝါစာတွေ စံဖို့ ခံနေရတာလား ခံဖို့ စံနေရတာလား
ပါးစပ်ထဲ ရောက်လာတဲ့ ထမင်းလုတ်တွေမှာ အကြည့်တွေ ခလုတ်တိုက်နေတဲ့
ပေါင်တံဖြူဖြူညနေခင်းတွေမှာ လိင်စိတ်ကြွနေတဲ့ ကဗျာတွေမှာ
ကုသိုလ်က ဘယ်လောက်သားလဲ အကုသိုလ်က ဘယ်လောက်သားလဲ
ဒွန်ကရိုက်ဆင်းကျကျရလာတဲ့ ဘဝတွေပါ 'ဆာ'လို့ 'ရှာ' နေရတဲ့ ဘဝတွေပါ
တစ်ယောက်ရဲ့ အဝိဇ္ဇာမှာ တစ်ယောက်ရဲ့ ပြဿဒါးကို ထိုးစိုက်
ကိုယ့်အတွေးနဲ့ကိုယ် ယဉ်ယဉ်လေး မိုက်လိုက်ကြရုံပေါ့
လူဟာ တရားတွေနဲ့ တွန့်သွားလိုက် တစ်ခါ အများတွေနဲ့ တွန့်သွားလိုက် တစ်ခါ
ရလာတဲ့ ဘဝအခါးမှာ လူလားမြောက်နေတဲ့ ဒုက္ခတွေ ဗိသုကာဆန်တဲ့ ငိုကြွေးခြင်းတွေ
မမျှော်လင့်ဘဲ တိတ်သွားတဲ့ အပျော်တွေနဲ့ နေ့ရှိသရွေ့ ရဲကို ပန်းတစ်ပွင့်လို ပန်ထားရတယ်
လေတိုက်တိုင်း တဖွေးဖွေးလွှင့် လေတိုက်တိုင်း တဖြုတ်ဖြုတ်ကြွေ
တစ်နေ့ရွှေ တစ်နေ့ငွေနဲ့ ရမ္မက်ဝဲပါထဲ လွင့်နေရတဲ့ တရားမဝင် ရောင်စုံပန်းပွင့်လေးတွေပါ
ခေတ်ရဲ့ သံစဉ်အတိုင်း ခပ်ရှည်ရှည်ဆိုညည်းနေရတဲ့ ငြီးငွေ့ဖွယ် အသစ်အဆန်းတွေပါ
လောဘတစ်ရစ် မောဟတစ်ရစ်နဲ့ ငွေစော်နံခန်းဆီးနောက်ကွယ်က ဝဋ်ဆန်ဆန်ညတွေပါ
အရှုပ်ထွေးထဲက တဆစ်ဆစ်ကိုက်ခဲနေတဲ့ အနာတွေဟာ စိတ်ငြိမ်ဆေးတွေကိုမှ တောင့်တသတဲ့လား
ဒုက္ခတွေနဲ့ နစ်နေတဲ့ သံသရာကြီးပါ
နည်းပညာအနယ်အနှစ်တွေနဲ့ နစ်နေတဲ့ သံသရာကြီးပါ
ကပ်သုံးပါးအားကောင်းနေတဲ့ သံသရာကြီးပါ
အဖြစ်/ အပျက်တွေ ဦးတည်ရာမဲ့နေတဲ့ သံသရာကြီးပါ
စိတ်ရဲ့ အတက်/ အကျမှာ ချွာတွေဟာ သေးသွားလိုက် ကြီးလာလိုက်နဲ့
ရုပ်ကို နာမ်က မျက်လှည့်ပြနေသလို တစ်မျိုးလေး ကြည့်ကောင်းနေပြန်တယ်
တစ်ကိုယ်လုံး သင်္ခါရတက်တူးတွေနဲ့ လောကကြီးကတော့
ဒိန်နာဒေသ မြို့ရိုးပေါ်က အနွေဆိုတဲ့ ဝဋ်နာကံနာ အမှိုက်တွေကို စိမ်းစိမ်းကြီးစိုက်ကြည့်နေလေရဲ့
'ကယ်ကြပါ' 'ကယ်ကြပါ' အသံလေးကြားလို့ ထကြည့်တော့
မာယာဘုံအလွတ်ထဲမှာ ခင်ဗျားနဲ့ ကျုပ် အနမာနဖောတွေနဲ့ ကျောချင်း ကပ်ပြီး အော်နေတာ

ရဲရင့်လမင်း